**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

ရုံးတွင်းညွှန်ကြားလွှာအမှတ်၊ ၃ /၂၀၂၅

အကြောင်းအရာ။ **ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် (Advance Ruling on Origin)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်ခြင်း**

ရည် ညွှန်း ချက်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၇-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၁/၂၀၂၄

၁။ ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် (Advance Ruling on Origin)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာအား ၂၇-၁၂-၂၀၂၄ ရက်နေ့မှစ၍ စတင်ကျင့်သုံးဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မျိုးသီဟ၊ ညွှန်ကြားရေးမှူး(စီမံ)

စာအမှတ်၊ ၃၃ - ၀ထ/ ၂၀၂၅ ( ၁၂၉ )

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

**ဖြန့်ဝေခြင်း**

ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်မှုနှင့်စီမံရေးရာ)

ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး)

ဒုတိယညွှန်ကြားရေးမှူးချုပ်(နယ်ရုံးများကြီးကြပ်ရေး)

ညွှန်ကြားရေးမှူးများအားလုံး

ဒုတိယညွှန်ကြားရေးမှူးများအားလုံး

ဌာနခွဲများအားလုံး

ဌာနခွဲများအားလုံး

တိုင်းဒေသကြီးနှင့်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

နေပြည်တော်ကောင်စီနယ်မြေအကောက်ခွန်ဦးစီးဌာနမှူးရုံး

OSS စစ်ဆေးရေးစခန်းများအားလုံး

အမြဲတမ်းစစ်ဆေးရေးစခန်းများအားလုံး

အထူးစီးပွားရေးဇုန်များ(သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

မိတ္တူကို

စီမံရေးရာဌာနစိတ် (အပို ၃ စောင်)

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၉၁ /၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည်အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် (Advance Ruling on Origin) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသောစကားရပ်များသည် အကောက်ခွန်နှုန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်(Advance Ruling on Origin) ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်း၏ ပင်ရင်းဒေသနှင့်စပ်လျဉ်း၍ ကြိုတင်သတ်မှတ်ပေးရန်လျှောက်ထားပါက အကောက်ခွန်ဦးစီးဌာနက အတည်ပြုထုတ်ပေးသည့် သတ်မှတ်ချက်ကို ဆိုသည်။

(ခ) လျှောက်ထားသူ ဆိုသည်မှာ ကုန်ပစ္စည်း၏ပင်ရင်းဒေသအား ကြိုတင်သတ်မှတ်ချက်ထုတ်ပေးရန် လျှောက်ထားသူကိုဆိုသည်။

(ဂ) နယ်မြေအကောက်ခွန်ရုံး ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့ရှိ အကောက်ခွန်ရုံးအဆင့်ဆင့်ကို ဆိုသည်။

## အခန်း(၂)

## လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့် ပြန်ကြားခြင်း

၃။ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် လျှောက်ထားလိုသူသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ဖြစ်စေ လျှောက်ထားနိုင်သည်။

၄။ လျှောက်ထားသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော ပူးတွဲပါ လျှောက်လွှာပုံစံတွင် ပြည့်စုံစွာရေးသွင်းပြီး ကုန်ပစ္စည်းမရောက်ရှိမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်လွှာနှစ်စုံဖြင့် လျှောက်ထားရမည်။

(ခ) လျှောက်လွှာကိုလူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-

(၁) တင်သွင်းမည့်ပစ္စည်းနမူနာများ၊

(၂) ဓါတ်ပုံများ၊

(၃) ရုပ်ပုံများ၊

(၄) ကတ်တလောက်(Catalogues)၊

(၅) ကုန်ပစ္စည်းထုတ်လုပ်မှုအစီအစဉ်၊

(၆) ကုန်ပစ္စည်း၏ ပေါင်းစပ်ဖွဲ့စည်းပုံနှင့်ဆက်နွယ်သော အထောက်အထားများနှင့် စာရွက်စာတမ်းများ၊

(၇) ကုန်ပစ္စည်းတွင် ဖွဲ့စည်းပါဝင်သည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊

(၈) သက်ဆိုင်ရာလွတ်လပ်သောကုန်သွယ်မှုနယ်မြေများအလိုက် သတ်မှတ်ထားသော ပင်ရင်းဒေသစည်းမျဉ်းများအရ လိုအပ်သည့်အချက်အလက်နှင့် စာရွက်စာတမ်းများ။

(ဃ) ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို အများပြည်သူသို့အသိပေးလိုခြင်းမရှိပါက လျှောက်လွှာတွင် အကြောင်းပြချက် တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။

(င) ကုန်ပစ္စည်းတစ်မျိုးအတွက် လျှောက်လွှာတစ်ခုချင်းစီ တင်ပြရမည်။

(စ) ပင်ရင်းဒေသနှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက်ရှိပါက အကြောင်းအရင်းနှင့်တကွ ရှင်းလင်းဖော်ပြရမည်။

(ဆ) အလားတူပစ္စည်းကိုလျှောက်ထားခဲ့ပါက ယခင်လျှောက်ထားခဲ့သည့် လျှောက်လွှာ(မိတ္တူ)ကို တင်ပြရမည်။

၅။ လျှောက်ထားသူသည် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြီးတင်သတ်မှတ်ချက်အား ဦးစွာ သတ်မှတ်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်၊ အထောက်အထားများကို သက်ဆိုင်ရာ အကောက်ခွန်ရုံးက တောင်းခံလျှင် စတင်တောင်းခံသည့်နေ့မှ ၁၄ ရက် အတွင်း တင်ပြရမည်။

၆။ လျှောက်ထားသူသည် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို ပြန်လည်ရုပ်သိမ်း လိုပါက လျှောက်ထားသည့်နေ့မှစ၍ ၇ ရက် အတွင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရုပ်သိမ်း ပေးရန် လျှောက်ထားနိုင်သည်။

၇။ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) သို့မဟုတ် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံး သည် လျှောက်ထားချက်ကို လက်ခံရရှိလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လျှောက်လွှာတွင်ဖော်ပြထားသော အချက်အလက်များနှင့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ စိစစ်ရမည်။

(ခ) နယ်မြေအကောက်ခွန်ရုံးများတွင် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထား သူ၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် လျှောက်လွှာနှင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများကို စိစစ်၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)သို့ ပေးပို့တင်ပြရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)တွင် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထား သူ၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် လျှောက်လွှာနှင့် ပူးတွဲတင်ပြရ မည့် စာရွက်စာတမ်း အထောက်အထားများကို စိစစ်ဆောင်ရွက်ရမည်။

(ဃ) လျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပူးတွဲတင်ပြ ရမည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှုမရှိလျှင်ဖြစ်စေ လိုအပ် ချက်များကို ၁၄ ရက်အတွင်း တင်ပြရန် လျှောက်ထားသူထံသို့ အကြောင်း ကြားရမည်။

(င) လျှောက်လွှာပုံစံတွင် သတ်မှတ်ကာလအတွင်း ပြည့်စုံစွာ ဖြည့်စွက်ခြင်း သို့မဟုတ် လိုအပ်သောစာရွက်စာတမ်းနှင့် အထောက်အထားများကို တင်ပြ ခြင်းမရှိလျှင် အဆိုပါကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ပင်ရင်းဒေသကြိုတင်သတ်မှတ် ခြင်းကို ရပ်ဆိုင်းရမည်။

(စ) ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို လျှောက်လွှာနှင့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာလက်ခံရရှိသည့်နေ့မှ အနည်းဆုံး ရက်ပေါင်း ၆၀ အတွင်း ထုတ်ပေးရမည်။ ရက်ပေါင်း ၆၀ ထက်ကြာမြင့်သည့် အကြောင်း ကိစ္စဖြစ်ပါက လျှောက်ထားသူထံ အကြောင်းကြားရမည်။

၈။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် နယ်မြေအကောက်ခွန်ရုံးနှင့် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)တို့မှ တင်ပြသည့် လျှောက်ထားချက်များနှင့် လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိလျှင် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို ထုတ်ပေးနိုင်သည်။

## အခန်း(၃)

## ပြင်ဆင်သတ်မှတ်ခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ အကောက်ခွန်ဦးစီးဌာနသည် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို အောက်ဖော်ပြပါအချက်အလက်များအရ ပြင်ဆင်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းကို ဆောင်ရွက်နိုင်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပြောင်းလဲခြင်း၊

(ခ) လွတ်လပ်သောကုန်သွယ်မှုနယ်မြေဆိုင်ရာ သဘောတူစာချုပ်များအရ ပင်ရင်းဒေသစည်းမျဉ်းများ ပြောင်းလဲခြင်း၊

(ဂ) ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှုလွဲမှားခြင်း သို့မဟုတ် တင်ပြထားသော အချက်အလက်များ မှားယွင်းခြင်း။

၁၀။ အကောက်ခွန်ဦးစီးဌာနသည် ကုန်ပစ္စည်းရောက်ရှိချိန်တွင် ကြိုတင်တင်ပြထားသော အချက်အလက်များနှင့် ကွဲလွဲပါက မူလထုတ်ပေးထားသည့် ပင်ရင်းဒေသကြိုတင် သတ်မှတ်ချက်ကို အဆိုပါတင်သွင်းမှုအတွက် ငြင်းပယ်မည်။

၁၁။ အကောက်ခွန်ဦးစီးဌာနသည် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းပြုလျှင် ယင်းသို့ပြုလုပ်ရသည့် အကြောင်းအရင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၂။ လျှောက်ထားသူသည် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ အကြောင်းကြားမှုအား လက်ခံရရှိလျှင် ယခင်ထုတ်ပေးထားသည့် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်(မူရင်း)ကို ၇ ရက် အတွင်း ပြန်လည်အပ်နှံရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနသည် ယခင်ထုတ်ပေးထားသည့် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်(မူရင်း)ကို လျှောက်ထားသူက ပြန်လည်အပ်နှံပြီးမှသာလျှင် ပြင်ဆင် သတ်မှတ်သည့် ပင်ရင်းဒေသ ကြိုတင်သတ်မှတ်ချက်ကို ထုတ်ပေးမည်။

## အခန်း(၄)

## ပြန်လည်သုံးသပ်ခြင်းနှင့်အယူခံဝင်ခြင်း

၁၄။ လျှောက်ထားသူသည် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် ပြည်ထောင်စုဝန်ကြီးထံ အယူခံလျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားသည့်အခါ -

(က) ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် ပြန်ကြားချက်အမှတ် (Reply Reference No.) ၊ ပြန်လည်စစ်ဆေးပေးရမည့် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ဆိုင်ရာ အချက်အလက်များ၊ အယူခံလျှောက်ထားရသည့် အကြောင်းပြချက်တို့ကို ဖော်ပြရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသည့် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်(မူရင်း)နှင့် ကုန်ပစ္စည်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၅။ ပြည်ထောင်စုဝန်ကြီးသည် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် အယူခံလျှောက်ထားချက်အပေါ် စိစစ်သုံးသပ်၍ သတ်မှတ်ထားသည့် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၆။ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သည် ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၇။ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၅)

## ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁၈။ လျှောက်ထားသူသည် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်(မူရင်း)ကို သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် ပူးတွဲတင်ပြရမည်။ အဆိုပါ ကြိုတင်သတ်မှတ်ချက်ကို ထုတ်ပြန်သည့်နေ့မှ သုံးနှစ်အထိ ကိုးကားအသုံးပြုနိုင်သည်။

၁၉။ အကောက်ခွန်ဦးစီးဌာနသည် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရမည်-

(က) သွင်းကုန်ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများတွင် ဖော်ပြထားသော ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ပါ ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။

(ခ) သုံးနှစ်သက်တမ်း ကျော်လွန်သော ပင်ရင်းဒေသကြိုတင် သတ်မှတ်ချက်များ ကို လက်ခံစစ်ဆေးခြင်းမပြုရ။

## အခန်း(၆)

## အထွေထွေ

၂၀။ ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ရာတွင် နိုင်ငံတကာသဘောတူစာချုပ် များပါ ပင်ရင်းဒေသစည်းမျဉ်းများအရလည်း စိစစ်ဆောင်ရွက်ရမည်။

၂၁။ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာနယ်မြေ အကောက်ခွန်ရုံးသည် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ပေးရန် လျှောက်လွှာ၊ စာရွက်စာတမ်း အထောက် အထားများနှင့် ကုန်ပစ္စည်း၏ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်တို့ကို ခုနစ်နှစ် ထိန်းသိမ်း ထားရှိရမည်။

၂၂။ အကောက်ခွန်ဦးစီးဌာနသည် ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက်ကို လျှောက်ထား သူက အများပြည်သူသို့ အသိပေးခြင်း မပြုရန် တောင်းဆိုခဲ့လျှင် ရက်ပေါင်း ၁၈၀ ကျော်မှသာ အများပြည်သူသို့ အသိပေးထုတ်ပြန်ရမည်။

၂၃။ အကောက်ခွန်ဦးစီးဌာနသည် အောက်ပါကုန်ပစ္စည်းများအား ပင်ရင်းဒေသကြိုတင် သတ်မှတ်ရန် လျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည် -

(က) လျှောက်ထားသူတစ်ဦးတည်းမှ သုံးနှစ်အတွင်း ဖြေကြားထားသည့် ပင်ရင်းဒေသ ကြိုတင်သတ်မှတ်ချက်နှင့် တစ်ထပ်တည်း တူညီသောကုန်ပစ္စည်းများ၊

(ခ) လျှောက်ထားသူနှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အငြင်းပွားမှု ဖြစ်ပေါ်၍ ပြီးပြတ်အောင် ဆောင်ရွက်မှုမရှိသေးသည့် ကုန်ပစ္စည်းများ၊

(ဂ) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများအရ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ။

၂၄။ ဤအမိန့်ကြော်ငြာစာသည် (၂၇-၁၂-၂၀၂၄) ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁(၁၀၀၃၄/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်
ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အမျိုးသားပို့ကုန်မဟာဗျူဟာအစီးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဝင်အားလုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။ |

အမိန့်အရ

(မင်းထွဋ်)
ဒုတိယဝန်ကြီး